မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၆ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ) } သောကြာနေ့ [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခြင်း**

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) တွင် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

(က) ကာဆီနိုများ၊

(ခ) အိမ်ခြံမြေအကျိုးဆောင်များ၊

(ဂ) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းဝယ်သူများ၊

(ဃ) မိမိအမှုသည်၏ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုနှင့် အပ်နှံမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေ၊ နိုထရီပတ်ဗလစ်နှင့် စာရင်းကိုင်များ သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများ၊

(င) ဝန်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ အုပ်ထိန်းမှုအဖွဲ့နှင့် ကုမ္ပဏီဝန်ဆောင်မှု ပေးသူများ၊

(စ) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင် အသင်းအဖွဲ့အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာ ဆောင်ရွက်ခြင်း၊

(ဆ) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာအဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

၂။ အထက်ပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) ပါ လုပ်ငန်းများနှင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ အမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး

ဥပဒေဆိုင်ရာအမိန့်တို့တွင် ဖော်ပြပါရှိသည့် ကြီးကြပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ကို ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေး အာဏာပိုင်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၏ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအာဏာပိုင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေး လုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်စေရေးအတွက် ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေး ဆောင်ရွက်ရန်၊

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ (ဂ) အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) ပါ ပြဋ္ဌာန်းချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့် စည်းကမ်းချက်များကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် (၂/၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

## ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ၏ ဇယားဝင်ပြစ်မှုစာရင်းတွင် ပြစ်မှုများ ဖြည့်စွက်သည့်အမိန့်

၁။ ဤအမိန့်ကို **၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ၏ ဇယားဝင်ပြစ်မှုစာရင်းတွင် ပြစ်မှုများ ဖြည့်စွက်သည့်အမိန့်** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၅ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို ကျင့်သုံး၍ ဇယားဝင်ပြစ်မှုများစာရင်းတွင် အစဉ် (စ) ၏ အောက်၌ အောက်ပါပြစ်မှုများကို အစဉ် (ဆ) နှင့် (ဇ) တို့အဖြစ် ဖြည့်စွက်လိုက်သည်-

"(ဆ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊

(ဇ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အခန်း ၁၂ တွင် ပါရှိသော အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာ ပြစ်မှုများ၊ ပုဒ်မ ၅၀ (ည) နှင့် ၅၂ (ခ)။"

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သော **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ** တွင် **အဖွဲ့ဝင်** ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကို **အတွင်းရေးမှူး** ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ အဖွဲ့ခေါင်းဆောင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ကို **အဖွဲ့ဝင်** အဖြစ်လည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၁၉ ဖြင့် **ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို ဖွဲ့စည်းခဲ့ပါသည်။

၂။ "ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ" တို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ရန်၊

(၂) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီတို့၏ ဆောင်ရွက်ချက်များအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လမ်းညွှန်ချက်များထုတ်ပြန်ရန်၊

(၃) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သော သတင်းပို့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ တရားစွဲအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သည့် အဖွဲ့အစည်းနှင့် ကော်မတီများအကြား မူဝါဒဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်ရန်၊

(၄) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းပို့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ တရားစွဲအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သည့် အဖွဲ့အစည်းနှင့် ကော်မတီများအား လိုအပ်သောမူဝါဒဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အထောက်အပံ့များပံ့ပိုးရန်၊

(၅) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၏ သဘောတူညီချက်၊ စာချုပ်များပါ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ရန်၊

(၆) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအကောင်အထည်ဖော်ဆောင်မှုအပေါ် လိုအပ်သောလမ်းညွှန်ချက်များ ထုတ်ပြန်ရန်၊

(၇) ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးအတွက် လိုအပ်သော လမ်းညွှန်ချက်များ ထုတ်ပြန်ရန်၊

(၈) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အထောက်အကူပြု ကော်မတီများ ဖွဲ့စည်းရန်၊

(၉) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်ရာတွင် လိုအပ်သော လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရန်။

(ခ) **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၏ မူဝါဒနှင့် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) အာရှ - ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှုလုပ်ငန်းစဉ်တွင် တွေ့ရှိချက်များအပေါ် ထိရောက်စွာ အကောင်

အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ပြည်တွင်း၊ ပြည်ပနည်းပညာအကူအညီများ ရရှိနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(၃) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် တောင့်တင်း ခိုင်မာစေရန်အတွက် အထောက်အကူဖြစ်စေမည့် ကဏ္ဍအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ စသည့် လူသားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့် ဆောင်ရွက်မည့် အစီအမံများ ချမှတ်ပြုစု ပျိုးထောင်ပေးရန်၊

(၄) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်း များ၏ သဘောတူညီချက်၊ စာချုပ်များတွင်ပါရှိသော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ ကြီးကြပ်ရန်၊

(၅) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအကောင်အထည်ဖော်ဆောင်မှုအပေါ် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၆) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်း များအား အသိပညာမြှင့်တင်ရေးနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက် တွန်းအားပေးဆောင်ရွက်ရန်၊

(၇) ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးအတွက် လိုအပ်သော ညွှန်ကြားချက် များ ထုတ်ပြန်ရန်၊

(၈) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းနှင့် ကော်မတီများအကြား ပေါင်းစပ် ညှိနှိုင်းမှုများ ဆောင်ရွက်ရန်၊

(၉) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အန္တရာယ် အကဲဖြတ်မှုလုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းများ ဆောင်ရွက်ရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** တွင် ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများ

ရေးရာဝန်ကြီးဌာနတို့ကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ပြီး အောက်ပါအဖွဲ့ဝင်များကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| (၂) | အဖွဲ့ဝင်<br>အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ (မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၈၁ ပြည့်နှစ်၊ လ၊ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေအောက်ရေ**ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသောရေကို ဆိုသည်။ ဤစကားရပ်တွင် မြစ်၊ ချောင်း၊ ကန် စသည်တို့၏ ရေအောက်ကြမ်းပြင်အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသောရေနှင့် နယ်စပ်ဖြတ်ကျော်ရေအောင်းလွှာအတွင်း တည်ရှိသော ရေလည်း ပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း**ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍ တစ်နည်းနည်းဖြင့် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု**ဆိုသည်မှာ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကို ဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း**ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု အရည်အသွေးနှင့် ရေ၏သဘာဝစနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **စက်ရေတွင်း**ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာနှင့် ရေကြောအတွင်းတည်ရှိသော ရေကို ပိုက်ချ၍ထုတ်ယူသော အရပ်အခေါ် အဝီစိတွင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံး ရေအောင်းလွှာနှင့် ရေကြောအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် တွင်းတိမ်များ မပါဝင်ပါ။

(စ) **ရေလျှံတွင်း**ဆိုသည်မှာ စွမ်းအင်တစ်စုံတစ်ရာ သုံးစွဲရန်မလိုအပ်ဘဲ သဘာဝအလျောက် ရေလျှံထွက်ရှိနေသော စက်ရေတွင်းကို ဆိုလိုသည်။

(ဆ) **ရေလျှံဇုန်**ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက်ရေလျှံတွင်းများ တူးဖော်ရရှိနိုင်သော ဧရိယာကို ဆိုလိုသည်။

(ဇ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြေအောက်ရေကြီးကြပ်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသည့် မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေး ဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ဗဟိုကော်မတီက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်အလိုက်ဖွဲ့စည်းသည့် မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ များကို ဆိုသည်။

(ည) **မြေအောက်ရေအရည်အသွေး**ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာ အရည်အသွေး၊ အဏုဇီဝဆိုင်ရာ အရည်အသွေး၊ ပိုးမွှားဗေဒဆိုင်ရာအရည်အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာ အရည်အသွေးကို ဆိုသည်။

(ဋ) **တူးဖော်ခွင့်ပြုမိန့်**ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က စည်းကမ်းသတ်မှတ်ချက်ဖြင့် ထုတ်ပေးသော စက်ရေတွင်း တူးဖော်ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဌ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ မြေအောက်ရေထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဍ) **သုံးစွဲခွင့်ပြုမိန့်**ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှထွက်ရှိသည့် မြေအောက်ရေ၏အရည်အသွေးကို စစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေး အပါအဝင် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် စည်းကမ်းသတ်မှတ်ချက်ဖြင့် ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဎ) **အိမ်သုံး**ဆိုသည်မှာ တွင်းဝ အချင်း ၂ လက်မထက် မပိုသော စက်ရေတွင်းမှ ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ဏ) **လုပ်ငန်းသုံး**ဆိုသည်မှာ တွင်းဝ အချင်း ၂ လက်မ သို့မဟုတ် ယင်းထက်ပိုသော စက်ရေတွင်းမှ တစ်ရက်လျှင် ၃၀၀၀ ဂါလန် ထက်ပို၍ ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(တ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာဝန် ပေးအပ်သည့်ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ခ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပြုရေး အတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းဖြင့် လူတို့၏လုပ်ရပ်များကြောင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှု အန္တရာယ်ကြိုတင်ကာကွယ်ရန်၊

(ဃ) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် ရေ၏သဘာဝစနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(င) ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်သောက်ရေ၊ သုံးရေကို ပြည်သူများထုတ်ယူသုံးစွဲနိုင်စေရန်၊

(စ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလိုပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) မြေအောက်ရေစီမံခန့်ခွဲမှု ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(၁၀) ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

(၁၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်း ဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသန ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီး စေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာ ဖြန့်ဖြူးခြင်း၊

(ဃ) မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာအကူအညီများ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ မြေအောက်ရေ ကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) မိမိ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) အစိုးရအဖွဲ့ကပေးအပ်သော မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦး — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးများ သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးများ — အဖွဲ့ဝင်
(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(၇) စည်ပင်သာယာရေးဦးစီးဌာန

(ဃ) အတွင်းရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး
(မှတ်ချက်။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန မရှိသည့် တိုင်းနှင့် ပြည်နယ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး များကို ထည့်သွင်းဖွဲ့စည်းရန်။)

၇။ ဗဟိုကော်မတီသည် မြို့နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ
(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ — ဒုတိယဥက္ကဋ္ဌ
(ဂ) ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်
(ဃ) ဦးစီးအရာရှိ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်
(င) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန — အဖွဲ့ဝင်
(စ) ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်
(ဆ) ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန — အဖွဲ့ဝင်
(ဇ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်
(ဈ) ဦးစီးအရာရှိ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်
(ည) ဦးစီးအရာရှိ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်
(ဋ) မြို့နယ်အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး

၈။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ ပါ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း ပြုနိုင်သည်။

## အခန်း (၄)
## တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၉။ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်းပြုရန် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်။

၁၀။ တူးဖော်ခွင့်ပြုမိန့်အတွက် စိစစ်ခြင်း၊ လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်စေခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထုတ်မပေးနိုင်ကြောင်း ငြင်းပယ်ခြင်း၊ ယင်းငြင်းပယ်သည့် အမိန့်အပေါ် အယူခံဝင်ခြင်း၊ စက်ရေတွင်းတူးဖော်ပြီးသည့်အခါ ယင်းစက်ရေတွင်းမှရရှိသော မြေအောက်ရေကို သုံးစွဲခွင့်ပြုမိန့်ရရှိရန် လျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်ဆင့်က တူးဖော်ထားသော စက်ရေတွင်းကို ဝင်ရောက်စစ်ဆေးခြင်း၊ မြေအောက်ရေသုံးစွဲခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ သုံးစွဲခွင့်ပြုမိန့်မပြုကြောင်း ပြန်ကြားခြင်း၊ ယင်းဆုံးဖြတ်ချက်အပေါ် လုပ်ငန်းအဖွဲ့သို့ အယူခံဝင်ခြင်းများကို သတ်မှတ်နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၁။ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်ဆင့်က အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ အဆင့်ဆင့်သို့တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

## အခန်း (၅)
## လုပ်ငန်းလိုင်စင်

၁၂။ မြေအောက်ရေကို တူးဖော်ခြင်းလုပ်ငန်းအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် တူးဖော်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသို့ သတ်မှတ်ချက်နှင့်အညီ အောက်ပါအတိုင်း လျှောက်ထားရမည်-

(က) အိမ်သုံးအတွက်ဖြစ်လျှင် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) လုပ်ငန်းသုံးအတွက်ဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ လျှောက်ထားရမည်။

၁၃။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းလိုင်စင် ထုတ်ပေးသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့က ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၆)
## သက်တမ်းတိုးလျှောက်ထားခြင်း

၁၄။ တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင် တူးဖော်နိုင်ခြင်းမရှိပါက တူးဖော်ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ထားသော အဖွဲ့အစည်းသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်အပေါ် ကွင်းဆင်းစစ်ဆေးခြင်း၊ ကာလသတ်မှတ်ချက်တိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် သက်တမ်းတိုးမြှင့်ခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထပ်မံလျှောက်ထားစေခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၇။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၄ အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် ကွင်းဆင်းစစ်ဆေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်စေခြင်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်မပေးနိုင်ကြောင်း ငြင်းပယ်ခြင်း၊ ယင်းငြင်းပယ်သည့် ဆုံးဖြတ်ချက်အပေါ် လုပ်ငန်းအဖွဲ့သို့ အယူခံဝင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း

၁၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် မြေအောက်ရေထုတ်ယူသုံးစွဲသူ တစ်ဦးဦးက အောက်ဖော်ပြပါ တားမြစ်ချက်များကျူးလွန်ကြောင်း မြို့နယ်လုပ်ငန်းအဖွဲ့က ခိုင်လုံသော အချက်အလက်တွေ့ရှိလျှင် ထုတ်ပေးထားသော သက်ဆိုင်ရာ တူးဖော်ခွင့်ပြုမိန့်၊ သုံးစွဲခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်-

(က) တူးဖော်ခွင့်ပြုမိန့်တွင်ဖြစ်စေ၊ သုံးစွဲခွင့်ပြုမိန့်တွင်ဖြစ်စေ၊ လုပ်ငန်းလိုင်စင်တွင်ဖြစ်စေ ဖော်ပြထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) စက်ရေတွင်း တစ်တွင်းကြောင့် အခြားပတ်ဝန်းကျင် စက်ရေတွင်းများကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ဃ) မြေအောက်ရေသဘာဝစနစ်ကို ပျက်စီးစေနိုင်ခြင်း။

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် တစ်စုံတစ်ရာကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်နိုင်သည်။

၂၀။ ဗဟိုကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၁။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ဤဥပဒေအရ-

(က) သက်ဆိုင်ရာ တူးဖော်ခွင့်ပြုမိန့်မရရှိဘဲ အိမ်သုံးအတွက် စက်ရေတွင် တူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့် မရရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းမပြုရ၊

(ဂ) လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ မြေအောက်ရေကို တူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ၊

(ဃ) စက်ရေတွင်းတူးဖော်ခြင်းကို လုပ်ငန်းလိုင်စင် လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသော စက်ရေတွင်း တူးဖော်သူနှင့် တူးဖော်ခြင်းမပြုရ၊

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်စေခြင်းနှင့် မြေအောက်ရေ ရေရှည်တည်တံ့ ခိုင်မြဲရေးအား ထိခိုက် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုးမပြုရ။

၂၃။ တူးဖော်ခွင့်ရရှိသူနှင့် လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ-

(က) သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် လုပ်ငန်းသုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) ခွင့်ပြုသော စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်းမပြုရ။

၂၄။ မည်သူမျှ မြေအောက်ရေညစ်ညမ်းစေမည့် မည်သည့် အပြုအမူကိုမျှ မပြုလုပ်ရ။

၂၅။ မည်သည့် သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် အချိန်အတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်းမပြုရ။

၂၆။ လုပ်ငန်းအဖွဲ့တစ်ခုခုက အသုံးပြုရန် ခွင့်ပြုသတ်မှတ်ထားသည့် အိမ်သုံးနှင့် လုပ်ငန်းသုံးမှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၇။ မည်သူမဆို-

(က) ပုဒ်မ ၂၂ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၂ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်း မှ ကျပ် သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၂ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ မှ ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၂၂ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် တစ်သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(င) ပုဒ်မ ၂၂ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၂၀ မှ ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်း မှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

## အခန်း (၁၀)
## အထွေထွေ

၃၁။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ်ယူသုံးစွဲမှု ပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သော ရေမီတာစနစ်များတပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၂။ ရေလျှံတွင်းများ၊ ရေလျှံဇုန်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီမှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေအခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးနိုင်စေရန် သုတေသနများ ဆောင်ရွက်ရမည်။

၃၄။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် လိုအပ်သော သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များအတွက် ဘဏ္ဍာရန်ပုံငွေကို အစိုးရအဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။

၃၅။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာနထံမှ တိုက်ရိုက်တောင်းယူနိုင်သည်။

၃၆။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၃၇။ လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့မှရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၃၈။ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခကြေးငွေကိုလည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၃၉။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၀။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ ၁၉၃၀ ပြည့်နှစ်၊ မြေအောက်ရေအက်ဥပဒေ The Undergroung Water Act (Burma Act No.IV) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်း ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေကြမ်း** ကိုပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ၊ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစားအသောက်**ဆိုသည်မှာ လူတို့စားသုံးရန်၊ သောက်သုံးရန်၊ ဝါးရန်၊ ငုံရန်နှင့် ခန္ဓာကိုယ်အတွင်း တစ်နည်းနည်းဖြင့် ရောက်ရှိရန်အလို့ငှာ မပြုပြင်ထားသော သို့မဟုတ် တစ်စိတ် တစ်ပိုင်းဖြစ်စေ အသင့်စားသုံးရန်ဖြစ်စေ ပြုပြင်ထားသော သို့မဟုတ် အထူးဖော်စပ်ထားခြင်း၊ ဖြည့်စွက်ထားခြင်း၊ အားဖြည့်ထားခြင်း၊ ထုတ်နုတ်ထားခြင်း၊ အနှစ်ထုတ်ထားခြင်း စသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြုပြင်ထားသော အစားအစာ၊ အဖျော်ယမကာ၊ အစားအသောက် ထပ်ဖြည့်ပစ္စည်း၊ ပါဝင်ပစ္စည်းအားလုံးနှင့် သောက်သုံးရန်အလို့ငှာ ထည့်သွင်းထုပ်ပိုးထားသောရေကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်အဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ သက်ရှိ တိရစ္ဆာန်၊ အပင်၊ ဆေးဝါး၊ တိုင်းရင်းဆေး၊ ဆေးဖက်ဝင်ပစ္စည်း (Herb and herbal product)၊ ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများအပြင် အလှကုန်အလို့ငှာ ရည်ရွယ်သော ပစ္စည်းများမပါဝင်၊

(ခ) **ဆေးဝါး**ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သန္ဓေတားရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် အသုံးပြုရန်ဖြစ်သော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်းပါဝင်သည်။

(ဂ) **ဆေးပစ္စည်းကိရိယာ**ဆိုသည်မှာ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်သူက တစ်မျိုးတည်းဖြစ်စေ၊ အခြားပစ္စည်းနှင့် တွဲဖက်၍ဖြစ်စေ ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ ကိရိယာများ၊ လူ၏ခန္ဓာကိုယ်အတွင်း တပ်ဆင်အသုံးပြုသောပစ္စည်းများ၊ ခန္ဓာကိုယ်ပေါ်တွင်သုံးသောစမ်းသပ်ပစ္စည်းများ၊ ခန္ဓာကိုယ်ပြင်ပတွင်သုံးသောဓာတ်ခွဲစမ်းသပ်ပစ္စည်းများ၊ စံကိုက်ညှိရာတွင်အသုံးပြုသောပစ္စည်းများ၊ ဆော့ဖ်ဝဲများနှင့် အလားတူဆက်စပ်ပစ္စည်းများကို ဆိုသည်-

(၁) ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ကုသရန် သို့မဟုတ် သက်သာစေရန် ပြုလုပ်ခြင်း၊

(၂) ထိခိုက်ဒဏ်ရာများအတွက် ရောဂါရှာဖွေရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ သက်သာစေရန် သို့မဟုတ် အစားထိုးကုသပေးရန် ပြုလုပ်ခြင်း၊

(၃) ခန္ဓာဗေဒ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များကို လေ့လာရန်၊ အစားထိုးရန်၊ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် အထောက်အကူပေးရန် ပြုလုပ်ခြင်း၊

(၄) သက်ရှိဘဝအတွက် ကူညီထောက်ပံ့မှုပေးရန် ပြုလုပ်ခြင်း၊

(၅) သန္ဓေတားဆီးရန် ပြုလုပ်ခြင်း၊

(၆) ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများကို ပိုးသတ်ရန် သို့မဟုတ် ပိုးကင်းစင်ရန် ပြုလုပ်ခြင်း၊

(၇) လူ၏ခန္ဓာကိုယ်မှရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပြီး ဆေးပညာ သို့မဟုတ် ရောဂါရှာဖွေရာတွင် လိုအပ်သောသတင်းအချက်အလက်များ အထောက်အကူပေးရန် ပြုလုပ်ခြင်း။ (ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ် သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဆေးဝါးဗေဒဆိုင်ရာ၊ ခုခံစွမ်းအားဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖြစ်စဉ်များဖြင့် မူလအာနိသင် ရရှိနိုင်ခြင်းမရှိသော်လည်း မူလအာနိသင်ကဲ့သို့ ရရှိစေရန် ထောက်ပံ့ ကူညီပေးနိုင်သည့် ပစ္စည်းများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆေးပစ္စည်းကိရိယာဟု အတည်ပြု သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်။)

(ဃ) **အလှကုန်ပစ္စည်း**ဆိုသည်မှာ လူတို့၏မျက်နှာ၊ နှုတ်ခမ်း၊ ဆံပင်၊ အမွေးအမှင်၊ လက်သည်း၊ ခြေသည်း၊ အရေပြား၊ ပြင်ပလိင်အင်္ဂါ၊ သွားနှင့် ခံတွင်းတို့တွင် အသုံးပြုရန်ဖြစ်ပြီး အဓိကအားဖြင့် ၎င်းတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ မွှေးကြိုင်စေခြင်း၊ အဆင်းအသွင်အပြင် ပြောင်းလဲစေခြင်း၊ ခန္ဓာကိုယ် အနံ့အသက် ပြုပြင်စေခြင်း၊ ကောင်းမွန်သည့်အခြေအနေတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် မပျက်စီးရန်ကာကွယ်ခြင်းတို့ကို ဖြစ်စေသည့် အရာဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ဖော်စပ်ထားသော အရာဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အလှကုန်ပစ္စည်းဟု သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်။

(င) **ဓာတ်ခွဲခန်း**ဆိုသည်မှာ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု များနှင့် ရေဒီယိုသတ္တိကြွမှုများကို တိုင်းတာစစ်ဆေးဓာတ်ခွဲသော ဝန်ဆောင်မှုပေးသည့် ဓာတ်ခွဲခန်းကို ဆိုသည်။

(စ) **အယူခံဓာတ်ခွဲခန်း**ဆိုသည်မှာ ဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေအပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံဝင်သည့် အခါ၌ နမူနာများကို ထပ်မံစစ်ဆေးပြီး ဓာတ်ခွဲအဖြေနှင့်စပ်လျဉ်း၍ အပြီးသတ် အဆုံးအဖြတ် ပြုနိုင်ရန် ကြီးကြပ်ရေးကော်မတီက လုပ်ငန်းပေါ် မူတည်၍ သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်။

(ဆ) **ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်**ဆိုသည်မှာ ဓာတ်ခွဲစစ်ဆေးမှုကို သတ်မှတ်စံနှုန်းနှင့်အညီ ဓာတ်ခွဲခန်း တည်ထောင်ဖွင့်လှစ် ဆောင်ရွက်နိုင်ကြောင်း ကြီးကြပ်ရေးကော်မတီက အသိအမှတ်ပြု ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဇ) **ဓာတ်ခွဲနည်းလမ်း**ဆိုသည်မှာ နိုင်ငံတကာက အတည်ပြုလက်ခံထားသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် စံနည်းလမ်းကို ဆိုသည်။

(ဈ) **ကောင်းမွန်သောဓာတ်ခွဲခန်းကျင့်စဉ်**ဆိုသည်မှာ ဓာတ်ခွဲခန်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် တိကျမှန်ကန်သော ဓာတ်ခွဲအဖြေများရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် ဓာတ်ခွဲခန်းအတွင်း လိုက်နာကျင့်သုံးရမည့် အခြေခံအချက်အလက်များကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဓာတ်ခွဲခန်းများကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဌ) **အုပ်ချုပ်မှုအဖွဲ့**ဆိုသည်မှာ ဓာတ်ခွဲခန်းကိုကြီးကြပ်ရန် သက်ဆိုင်ရာဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင် ရရှိသူက ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်။

(ဍ) **ဓာတ်ခွဲခန်းတာဝန်ခံ**ဆိုသည်မှာ ဓာတ်ခွဲခန်း၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်ချက်များကို ကောင်းမွန်စွာ လည်ပတ်နိုင်ရန်နှင့် ကောင်းမွန်သော ဓာတ်ခွဲခန်းကျင့်စဉ်များ ပြည့်မီစေရန် ကြီးကြပ်ကွပ်ကဲပြီး ဓာတ်ခွဲခန်းကို တာဝန်ခံနိုင်ရေးအတွက် အုပ်ချုပ်မှုအဖွဲ့က ခန့်အပ်ထားသည့် ကျွမ်းကျင်ပညာရှင်ကို ဆိုသည်။

(ပ) **အရည်အသွေးအာမခံအရာရှိ**ဆိုသည်မှာ ဓာတ်ခွဲစစ်ဆေးရာတွင် စနစ်ကျနမှုရှိစေရန်နှင့် ဓာတ်ခွဲအဖြေများ မှန်ကန်တိကျမှုရှိစေရန်အတွက် ဓာတ်ခွဲခန်းတွင် အရည်အသွေးထိန်းချုပ်မှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုအဖွဲ့မှ ခန့်အပ်တာဝန်ပေးသော ကျွမ်းကျင်ပညာရှင်ကို ဆိုသည်။

(ဖ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဓာတ်ခွဲခန်းကိုစစ်ဆေးရန် ကြီးကြပ်ရေးကော်မတီက ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်မီသည့် ဓာတ်ခွဲခန်းများတိုးပွားလာစေရန်၊

(ခ) ဓာတ်ခွဲခန်း၏ အရည်အသွေးပြည့်မီမှု ရှိ မရှိကို စစ်ဆေးသတ်မှတ်ပေးနိုင်သည့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) ဓာတ်ခွဲခန်းမှတ်ပုံတင်သည့်စနစ် ပေါ်ပေါက်လာစေရန်၊

(ဃ) စားသုံးသူနှင့် သုံးစွဲသူများကို ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်းမှ အကာအကွယ်ပေးရန်။

## အခန်း (၃)

## ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) ဓာတ်ခွဲခန်းများကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးနှင့် ပြည်နယ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ညွှန်ကြားရေးမှူး<br>အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသနဌာန<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၇) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သီးနှံကာကွယ်ရေးဌာနခွဲ
စိုက်ပျိုးသီးနှံထွက်ကုန်များအရည်အသွေးစစ်ဆေးရေး
ဓာတ်ခွဲခန်းနှင့် ပိုးသတ်ဆေးဓာတ်ခွဲခန်း
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၉) အောက်ပါဘာသာရပ်ဆိုင်ရာကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးစီ အဖွဲ့ဝင်များ
(၁) အဏုဇီဝဗေဒပညာရှင်၊
(၂) အစားအသောက်သိပ္ပံပညာရှင်၊
(၃) ဓာတုဗေဒပညာရှင်၊
(၄) ဆေးဝါးကျွမ်းကျင်ပညာရှင်၊
(၅) လုပ်ငန်းလိုအပ်ချက်အရ အခြားဘာသာရပ်ဆိုင်ရာကျွမ်းကျင်သည့်ပုဂ္ဂိုလ်။

(၁၀) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ဓာတ်ခွဲဌာန
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည်-
(က) ကြီးကြပ်ရေးကော်မတီ၏ရုံးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးရမည်။
(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေတို့ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

## အခန်း (၄)
## ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ကြီးကြပ်ရေးကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဓာတ်ခွဲခန်းတွင် လိုက်နာကျင့်သုံးရမည့် ကောင်းမွန်သော ဓာတ်ခွဲခန်းကျင့်စဉ်များ၊ ဓာတ်ခွဲခန်းကျင့်ဝတ်များနှင့်သက်ဆိုင်သော မူဝါဒများ၊ စည်းကမ်းချက်များကို ချမှတ်ခြင်း၊
(ခ) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း၊
(ဂ) ဓာတ်ခွဲခန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မဖြစ်စေရန် သင့်လျော်သော မူဝါဒများ၊ စည်းကမ်းချက်များ ချမှတ်ခြင်းနှင့် ကြပ်မတ်ခြင်း၊
(ဃ) ပုဒ်မခွဲ (က) (ခ) (ဂ) ပါ ကိစ္စရပ်များကို စိစစ်ရန် လိုအပ်ပါက ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊
(င) ဓာတ်ခွဲခန်း၏ အရည်အသွေးကို အကဲဖြတ်ရာတွင် စိစစ်ရမည့် အချက်အလက်များကို သတ်မှတ်ခြင်း၊
(စ) ဓာတ်ခွဲခန်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် ကြော်ငြာများကို ကြပ်မတ်ခြင်း၊

(ဆ) ဓာတ်ခွဲခန်းဆိုင်ရာ အရည်အသွေးများ တူညီမှုရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းများ၊ ဓာတ်ခွဲအဖြေများ တိကျမှန်ကန်စေရန် ကြပ်မတ်ခြင်း၊

(ဇ) အယူခံဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်း၊

(ဈ) အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေး စစ်မှန်ပြည့်မီမှုတို့အတွက် စစ်ဆေးပေးနိုင်ရန် ဆောင်ရွက်ခြင်း၊

(ည) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင် ရရှိထားသော ဓာတ်ခွဲခန်းများအကြား ဓာတ်ခွဲနည်းလမ်းများ တူညီမှုရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်လျှောက်ထားသော ဓာတ်ခွဲခန်းအား နိုင်ငံတကာအဆင့်မီ အိုင်အက်(စ်)အို/ အိုင်အီးစီ ၁၇၀၂၅ အသိအမှတ်ပြုလွှာ ရရှိထားသော ဓာတ်ခွဲခန်းများက လေ့ကျင့်သင်ကြားပေးနိုင်ရန် ဆောင်ရွက်ခြင်း။

၇။ ကြီးကြပ်ရေးကော်မတီသည် ဓာတ်ခွဲခန်း သို့မဟုတ် ဓာတ်ခွဲပစ္စည်းများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းများပြုနိုင်သည်။

## အခန်း (၅)
## ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်

၈။ ဓာတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်လိုသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်ရရှိရန် ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၉။ ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဒ်မ ၈ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များနှင့် ပြည့်စုံခြင်း ရှိ မရှိ၊ တည်ထောင်ဖွင့်လှစ်မည့် ဓာတ်ခွဲခန်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ၊ သတ်မှတ်သည့် ဓာတ်ခွဲခန်းအဆင့်အတန်းနှင့် ညီညွတ်ခြင်း ရှိ မရှိတို့ကို စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ကြောင်းတွေ့ရှိရပါက သတ်မှတ်ထားသော ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်ကြေးကို ပေးသွင်းစေပြီး ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးရမည်။

၁၀။ ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ စိစစ်ပြီး-

(က) လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များနှင့် ပြည့်စုံခြင်းမရှိကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ ဓာတ်ခွဲခန်းတည်ထောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ သတ်မှတ်သည့် ဓာတ်ခွဲခန်းအဆင့်အတန်းနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရလျှင်ဖြစ်စေ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်တင်ပြရန် လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။

(ခ) လျှောက်ထားသူ၏ ပြင်ဆင်ဖြည့်စွက် တင်ပြချက်သည် ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိရလျှင် သတ်မှတ်ထားသော ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်ကြေးကို ပေးသွင်းစေပြီး ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးရမည်။

(ဂ) လျှောက်ထားသူ၏ ဆောင်ရွက်ချက်သည် ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရလျှင် ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၁၁။ ကြီးကြပ်ရေးကော်မတီသည် ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်အတွက် လိုအပ်သော စည်းကမ်းချက်၊ လိုင်စင်သက်တမ်း၊ လိုင်စင်ကြေးနှင့် လိုင်စင်သက်တမ်းတိုးခတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ရမည်။

၁၂။ ကြီးကြပ်ရေးကော်မတီက ထုတ်ပေးသော ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်သည်-

(က) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင် လျှောက်ထားရာတွင် ဖော်ပြသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု အမျိုးအစား၊ နမူနာပစ္စည်းနှင့် အမျိုးအစားတူပစ္စည်းများနှင့်သာ သက်ဆိုင်သည်။

(ခ) ဓာတ်ခွဲခန်းတွင်အသုံးပြုရန် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ လျှောက်ထားရာတွင် အထောက်အထားတစ်ရပ်အဖြစ် သုံးနိုင်သည်။

## အခန်း (၆)

## ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူ၏ တာဝန်များ

၁၃။ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူသည်-

(က) မိမိဓာတ်ခွဲခန်း၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဓာတ်ခွဲအဖြေ တိကျမှန်ကန်မှုရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ဓာတ်ခွဲခန်းတွင်းနှင့် ဓာတ်ခွဲခန်းပြင်ပ အရည်အသွေးထိန်းချုပ်မှု စနစ်ကို ထူထောင်ထားရှိရမည်။

(ခ) မိမိဓာတ်ခွဲခန်း၏ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင် ကြီးကြပ်ရေးကော်မတီက အသိအမှတ် ပြုထားသော ဓာတ်ခွဲနည်းလမ်းများကို အသုံးပြုရမည်။

(ဂ) မိမိဓာတ်ခွဲခန်း၏ အရည်အသွေးအာမခံမှု စီမံချက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းနှင့် အကြောင်းအရာများကို ဓာတ်ခွဲခန်းဝန်ထမ်းများ ကြည့်ရှုလေ့လာနိုင်ရေးအတွက် အလွယ်တကူ တွေ့မြင်နိုင်သည့်နေရာတွင် ထားရှိရမည်။

(ဃ) ဓာတ်ခွဲခန်းကို ကြီးကြပ်ရေးကော်မတီက သတ်မှတ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

## အခန်း (၇)

## အုပ်ချုပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၄။ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင် ရရှိသူသည် မိမိ၏ဓာတ်ခွဲခန်းတွင် အုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်း ထားရှိရမည်။

၁၅။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတ်ခွဲခန်းတာဝန်ခံ၊ အရည်အသွေးအာမခံအရာရှိနှင့် ကျွမ်းကျင်ဓာတ်ခွဲဝန်ထမ်းများအတွက် အရည်အချင်းသတ်မှတ်ခြင်းနှင့် ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ခ) ဓာတ်ခွဲခန်း၏ နေ့စဉ်လုပ်ငန်းများ ပုံမှန်လည်ပတ်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ဓာတ်ခွဲခန်း၏ ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီရေးအတွက် အာမခံချက်ပေးနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) ဓာတ်ခွဲအဖြေများ မှန်ကန်တိကျမှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဓာတ်ခွဲခန်းဝန်ထမ်းများနှင့် အများပြည်သူတို့အတွက် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရန် ဆောင်ရွက်ခြင်း၊

(စ) ဓာတ်ခွဲခန်း၏ ဆောင်ရွက်မှုများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ဓာတ်ခွဲခန်း၏ ဝန်ဆောင်မှုအမျိုးအစား သို့မဟုတ် ဓာတ်ခွဲခန်းနေရာ ပြောင်းလဲလျှင် ပြောင်းလဲသည့် နေ့မှ ၁၀ ရက်အတွင်း ကြီးကြပ်ရေးကော်မတီသို့ သတင်းပို့ခြင်း၊

(ဇ) ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း (၈)
## ဓာတ်ခွဲခန်းတာဝန်ခံခန့်အပ်ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၆။ အုပ်ချုပ်မှုအဖွဲ့သည် မိမိသတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်စုံသော ဓာတ်ခွဲခန်းတာဝန်ခံတစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်။

၁၇။ ဓာတ်ခွဲခန်းတာဝန်ခံ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်နှင့် ဓာတ်ခွဲခန်းဖွင့်လှစ်ထားသည့် အချိန်အတွင်း ဓာတ်ခွဲခန်းတွင် အမြဲရှိနေပြီး ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဓာတ်ခွဲခန်းတွင် သတ်မှတ်ထားသော ဓာတ်ခွဲခန်းစံနှုန်းများ ကျင့်စဉ်များနှင့်အညီ ဓာတ်ခွဲ စမ်းသပ်လျက်ရှိသော နမူနာပစ္စည်းပမာဏပေါ်မူတည်၍ လုံလောက်သောကျွမ်းကျင်ဓာတ်ခွဲဝန်ထမ်းများနှင့် အရည်အသွေးအာမခံ အရာရှိတစ်ဦး ခန့်အပ်နိုင်ရေးအတွက် အုပ်ချုပ်မှုအဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ဂ) ဝန်ထမ်းတစ်ဦးချင်းစီအတွက် လိုအပ်သောမှတ်တမ်းများ ထားရှိခြင်း။

၁၈။ ဓာတ်ခွဲခန်းတာဝန်ခံသည် ဓာတ်ခွဲခန်းတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဓာတ်ခွဲခန်းမှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူက လာရောက်စစ်ဆေးလျှင် ပြသခြင်း၊

(ခ) အောက်ပါဓာတ်ခွဲခန်းဆိုင်ရာ မှတ်တမ်းများကို ခွဲခြားထိန်းသိမ်းခြင်း-

(၁) ကနဦးဓာတ်ခွဲအချက်အလက်များကို နောက်ဆုံးအဖြေများ ရရှိသည်အထိ အဆင့်ဆင့်တွက်ချက်မှု၊ အရည်အသွေးထိန်းညှိမှုဆိုင်ရာ အချက်အလက်မှတ်တမ်းများ၊

(၂) ဓာတ်ခွဲခန်းအတွင်းအသုံးပြုသော ဓာတ်ခွဲပစ္စည်းကိရိယာများ၏ လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုမှတ်တမ်းများ၊

(၃) ဓာတ်ခွဲစမ်းသပ်ရန် ရောက်ရှိလာသော နမူနာပစ္စည်းများကို စစ်ဆေးစာရင်းသွင်းသည့် မှတ်တမ်းများ၊

(၄) ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ သတ်မှတ်သောညွှန်ကြားချက်အတိုင်း လုပ်ဆောင်ချက်မှတ်တမ်းများ။

(ဂ) ဓာတ်ခွဲခန်းဆိုင်ရာမှတ်တမ်းများနှင့် ဓာတ်ခွဲအဖြေများတွင် မည်သည့်နမူနာပစ္စည်းကို မည်သို့သောနည်းလမ်းဖြင့် စမ်းသပ်ကြောင်းဖော်ပြခြင်း၊

(ဃ) ဓာတ်ခွဲမှတ်တမ်း၊ ဓာတ်ခွဲအဖြေ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့သူနှင့်ဆက်သွယ်ရန် အချက်အလက်များကို အနည်းဆုံးနှစ်နှစ် သိမ်းဆည်းထားရှိခြင်း၊

(င) ဓာတ်ခွဲခန်းလုပ်ငန်းကို တိကျစွာလုပ်ကိုင်ရန်နှင့် ဓာတ်ခွဲအဖြေမှန်ကန်မှုရှိစေရန် တာဝန်ယူခြင်း၊

(စ) ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာပေးအပ်သော ဓာတ်ခွဲခန်းနှင့်သက်ဆိုင်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၉)
## အရည်အသွေးအာမခံအရာရှိခန့်အပ်ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၉။ ဓာတ်ခွဲခန်းတာဝန်ခံသည် အုပ်ချုပ်မှုအဖွဲ့က သတ်မှတ်သည့်အရည်အချင်းနှင့်ပြည့်စုံသူတစ်ဦးဦးကို အရည်အသွေးအာမခံအရာရှိအဖြစ် ခန့်အပ်ရန် အုပ်ချုပ်မှုအဖွဲ့ထံ အဆိုပြုတင်ပြရမည်။

၂၀။ အုပ်ချုပ်မှုအဖွဲ့သည် ပုဒ်မ ၁၉ အရ အဆိုပြုတင်ပြခြင်းခံရသူကို အရည်အသွေးအာမခံအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၂၀။ အရည်အသွေးအာမခံအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးထိန်းချုပ်မှုစနစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ မှန်ကန်တိကျသောအဖြေရရှိရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် အမှားများပြင်ဆင်ခြင်းဆိုင်ရာ နည်းစနစ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဓာတ်ခွဲခန်းတွင်း အရည်အသွေးစစ်ဆေးခြင်း ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် တွေ့ရှိချက်များကို ဓာတ်ခွဲခန်းတာဝန်ခံထံ အစီရင်ခံတင်ပြခြင်း၊

(ဂ) မိမိဓာတ်ခွဲခန်းတွင်း အရည်အသွေးထိန်းချုပ်မှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဓာတ်ခွဲခန်းပြင်ပ အရည်အသွေးထိန်းချုပ်မှုစနစ်အတွက် ပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) ဓာတ်ခွဲခန်းတာဝန်ခံက အခါအားလျော်စွာပေးအပ်သော ဓာတ်ခွဲခန်းနှင့်သက်ဆိုင်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၁၀)

## ဓာတ်ခွဲစစ်ဆေးခြင်းနှင့် အဖြေထုတ်ပေးခြင်း

၂၂။ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးလိုသူသည် ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသည့် ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးနိုင်သည်။

၂၃။ ဓာတ်ခွဲစစ်ဆေးလိုသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာ၊ အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) ဓာတ်ခွဲစစ်ဆေးလိုသည့် နမူနာပစ္စည်းအမျိုးအမည်၊

(ခ) နမူနာပစ္စည်းအား ဓာတ်ခွဲစစ်ဆေးလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်၊

(ဂ) နမူနာပစ္စည်းအား ဓာတ်ခွဲစစ်ဆေးလိုသူက စုဆောင်းလာသည့် ရက်စွဲ၊

(ဃ) နမူနာပစ္စည်းအား ဓာတ်ခွဲခန်းက လက်ခံရရှိသည့် ရက်စွဲ၊

(င) လက်ခံရရှိသည့်အချိန်တွင် တွေ့မြင်ရသည့် နမူနာပစ္စည်း၏ မျက်မြင်အခြေအနေ၊

(စ) စစ်ဆေးလိုသည့် ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစားများ။

၂၄။ သက်ဆိုင်ရာဓာတ်ခွဲခန်းသည်-

(က) နမူနာပစ္စည်းရယူခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို ဓာတ်ခွဲစစ်ဆေးလိုသူက လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် နမူနာပစ္စည်းအား လက်ခံစစ်ဆေးခြင်း မပြုရ။

(ခ) ဓာတ်ခွဲစစ်ဆေးရန် သတ်မှတ်ထားသော နမူနာပစ္စည်းပမာဏပြည့်မီခြင်းမရှိလျှင် နမူနာပစ္စည်းအား လက်ခံစစ်ဆေးခြင်း မပြုရ။

၂၅။ ဓာတ်ခွဲအဖြေများ ပိုမိုတိကျမှုရှိစေရန် လိုအပ်ပါက နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိထားသည့် ဓာတ်ခွဲခန်းအချင်းချင်း ပေးပို့စစ်ဆေးနိုင်သည်။

၂၆။ ဓာတ်ခွဲအဖြေတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) ဓာတ်ခွဲခန်းအမည်နှင့် တည်ရှိရာလိပ်စာ၊

(ခ) ဓာတ်ခွဲအဖြေနံပါတ်၊

(ဂ) ဓာတ်ခွဲစစ်ဆေးရန် နမူနာပစ္စည်းပေးပို့သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်၊

(ဃ) အသုံးပြုသည့် ဓာတ်ခွဲနည်းလမ်း၊

(င) နမူနာပစ္စည်း၏ လက်ခံရရှိစဉ်က အခြေအနေ၊

(စ) နမူနာပစ္စည်း လက်ခံရရှိသည့် ရက်စွဲ၊

(ဆ) ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်သည့် ရက်စွဲ၊

(ဇ) ဓာတ်ခွဲအဖြေအား တိုင်းတာသည့်စံယူနစ် ဖော်ပြချက်၊

(ဈ) စာမျက်နှာနံပါတ်၊

(ည) ဓာတ်ခွဲစစ်ဆေးသူ၏ လက်မှတ်၊ အမည်၊ ရာထူး၊

(ဋ) ဓာတ်ခွဲခန်းတာဝန်ခံ၏ လက်မှတ်၊ အမည်၊ ရာထူး၊

(ဌ) ဓာတ်ခွဲအဖြေအား ဓာတ်ခွဲခန်း၏ ခွင့်ပြုချက်မရှိဘဲ မမှန်ကန်သော ရည်ရွယ်ချက်ဖြင့် ပွားယူအသုံးပြုခြင်းမပြုရန်ဆိုသည့် ဖော်ပြချက်နှင့် ဓာတ်ခွဲအဖြေသည် စစ်ဆေးထားသော နမူနာပစ္စည်းအတွက်သာ အကျုံးဝင်သည်ဆိုသည့် ဖော်ပြချက်။

## အခန်း (၁၁)
## ဓာတ်ခွဲခန်းအဖြေအယူခံခြင်း

၂၇။ ဓာတ်ခွဲခန်းတစ်ခုခု၏ ဓာတ်ခွဲအဖြေကို ကျေနပ်မှုမရှိသူသည် နမူနာများကို ထပ်မံစစ်ဆေးပေးရန် မူလဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်နှင့်အညီ အယူခံဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးနိုင်သည်။

၂၈။ အယူခံဓာတ်ခွဲခန်းသည် ပုဒ်မ ၂၇ အရ ပေးပို့လာသည့် နမူနာပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးသည့် နည်းလမ်းပေါ် မူတည်၍ လက်ခံရရှိသည့်နေ့မှ တစ်လအတွင်း ဓာတ်ခွဲစစ်ဆေး၍ ဓာတ်ခွဲအဖြေ ထုတ်ပေးရမည်။

၂၉။ အယူခံဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေသည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၂)
## စစ်ဆေးရေးမှူးခန့်အပ်ခြင်းနှင့် ယင်း၏တာဝန်များ

၃၀။ ကြီးကြပ်ရေးကော်မတီသည် ဓာတ်ခွဲခန်းများနှင့်စပ်လျဉ်း၍ ဓာတ်ခွဲခန်းစစ်ဆေးရေးလုပ်ငန်းနှင့် ကောင်းမွန်သော ဓာတ်ခွဲမှုကျင့်စဉ်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူကို စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၁။ စစ်ဆေးရေးမှူးသည်-

(က) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိရန် လျှောက်ထားသူ၏ ဓာတ်ခွဲခန်းကို ကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေး၍ ကြီးကြပ်ရေးကော်မတီထံ တင်ပြရမည်။

(ခ) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူ၏ ဓာတ်ခွဲခန်းများကို ပုံမှန်စစ်ဆေးခြင်းနှင့် ရှောင်တခင် စစ်ဆေးခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဓာတ်ခွဲခန်းများကို စစ်ဆေးရာတွင်-

(၁) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ တည်ထောင်ဖွင့်လှစ်ထားကြောင်း တွေ့ရှိရပါက ကြီးကြပ်ရေးကော်မတီထံ တင်ပြရမည်။

(၂) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူ၏ ဓာတ်ခွဲခန်းနှင့်စပ်လျဉ်း၍ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့် လိုင်စင်ပါ သတ်မှတ်ခွင့်ပြုသော ဓာတ်ခွဲစစ်ဆေးခြင်းမှအပ အခြားဓာတ်ခွဲစစ်ဆေးခြင်းသော်လည်းကောင်း၊ သတ်မှတ်သည့် ဓာတ်ခွဲခန်းအဆင့်အတန်းနှင့် ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူများလိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဓာတ်ခွဲခန်းတာဝန်ခံ သို့မဟုတ် ဓာတ်ခွဲစစ်ဆေးသူသည် မသမာသောနည်းလမ်းဖြင့် မမှန်ကန်သောဓာတ်ခွဲအဖြေကို ထုတ်ပြန်လျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းရှိလျှင်သော်လည်းကောင်း၊ မိမိသဘောထား မှတ်ချက်နှင့်အတူ ကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

## အခန်း (၁၃)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ကြီးကြပ်ရေးကော်မတီသည် စစ်ဆေးရေးမှူး၏ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ တင်ပြချက်ကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရလျှင် ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူကို အောက်ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၄)

## အယူခံခြင်း

၃၃။ ကြီးကြပ်ရေးကော်မတီက ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) အရ ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် ပုဒ်မ ၃၂ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။

၃၄။ (က) ဝန်ကြီးဌာနသည် ကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၅)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၅။ (က) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှအပ မည်သူမျှ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ ဓာတ်ခွဲခန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ဓာတ်ခွဲခန်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၆။ (က) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှအပ မည်သူမျှ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးခြင်း သို့မဟုတ် ဓာတ်ခွဲအဖြေများ ထုတ်ပြန်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၃၇။ သုတေသနပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်သော ဓာတ်ခွဲခန်း သို့မဟုတ် မိမိ ကိုယ်ပိုင်အသုံးပြုရန်သာ ရည်ရွယ်သောဓာတ်ခွဲခန်း သို့မဟုတ် စီးပွားရေးအလို့ငှာ ရည်ရွယ်ခြင်းမရှိသော

ခာတ်ခွဲခန်းများနှင့် ၎င်းတို့၏ ဓာတ်ခွဲအဖြေများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၈။ ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ဤဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၀။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သည့်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၂/ ၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

## နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (မူကြမ်း)
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃ ခုနှစ်၊ လ ရက်

(၂၀ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၂၀၁၉ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံခြားငွေ**ဆိုရာတွင် မြန်မာကျပ်ငွေမှတစ်ပါး အခြားနိုင်ငံသုံး တရားဝင်ငွေကြေးများကို ဆိုသည်။

(ဂ) **နိုင်ငံခြားသုံးငွေ**ဟူသော စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) နိုင်ငံခြားငွေ၊

(၂) နိုင်ငံတကာအစိုးရ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားရှိ ဗဟိုဘဏ်များ၊ ငွေတိုက်များနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် ထားရှိသောအပ်ငွေများ၊

(၃) ပြည်တွင်းဘဏ်များရှိ နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းများ၊

(၄) နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရငွေရေးကြေးရေးအဖွဲ့အစည်းများက ထုတ်ဝေထားသည့် သို့မဟုတ် အာမခံထားသည့် နိုင်ငံခြားငွေဖြင့် သတ်မှတ်ထားသော ငွေချေးသက်သေခံ လက်မှတ်များ။

(ဃ) **ရွှေ**ဆိုသည်မှာ မည်သည့်ပုံသဏ္ဍာန်ဖြင့်မဆို ရှိသည့်ရွှေကို ဆိုသည်။

(င) **လက်ဝတ်ရတနာ**ဆိုသည်မှာ ရွှေသက်သက်ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာ သို့မဟုတ် ရွှေနှင့် သတ္တု သို့မဟုတ် ရွှေနှင့် ကျောက်မျက်ရတနာ ပေါင်းစပ်ပြုလုပ်ထားသော လက်ဝတ်ရတနာကို ဆိုသည်။

(စ) **စံချိန်မီရွှေ**ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့် သန့်စင်မှု ၉၉. ၅ ရာခိုင်နှုန်းနှင့် အထက်ရှိသော စံချိန်မီ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများကို ဆိုသည်။

(ဆ) **စံချိန်မမီရွှေ**ဆိုသည်မှာ စံချိန်မီရွှေ မဟုတ်သည့် ရွှေ သို့မဟုတ် လက်ဝတ်ရတနာကို ဆိုသည်။

(ဇ) **ပုဂ္ဂိုလ်**ဆိုသော စကားရပ်တွင် ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း သို့မဟုတ် လူတစ်စု ပါဝင်သည်။

(ဈ) **ပြည်တွင်း၌နေထိုင်သူ**ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) နိုင်ငံခြားတိုင်းပြည်များမှ သံရုံးဝန်ထမ်းများနှင့်အလားတူ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားဝန်ထမ်းများမှတစ်ပါး လွန်ခဲ့သည့် ၁၂ လတာ ကာလအတွင်း နိုင်ငံတော်တွင် အနည်းဆုံး ရက်ပေါင်း ၁၈၃ ရက် နေထိုင်ခဲ့သူများ သို့မဟုတ် ယင်းသို့ နေထိုင်ခြင်း မရှိသော်လည်း မိမိ၏ အဓိကလုပ်ငန်းဌာနရှိသူများ၊

(၂) ပြည်တွင်း ဥပဒေတစ်ရပ်ရပ်အရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ရုံးများနှင့် ယင်းတို့က ပြည်ပတွင် တရားဝင်ဖွင့်လှစ်ထားသော ရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးများ၊

(၃) နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ရုံးများက ပြည်တွင်းတွင် တရားဝင်ဖွင့်လှစ်ထားသော ရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးများ၊

(၄) နိုင်ငံတော်က တာဝန်ပေးခန့်အပ်ထားသော နိုင်ငံခြားတိုင်းပြည်ရှိ သံရုံးဝန်ထမ်းများ သို့မဟုတ် အခြားဝန်ထမ်းများ။

(ည) **ပြည်ပ၌နေထိုင်သူ**ဆိုသည်မှာ ပုဒ်မခွဲငယ် (ဈ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးမဝင်သူများကို ဆိုသည်။

(ဋ) **ဗဟိုဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဌ) **နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ**ဆိုသည်မှာ ဤဥပဒေအရ ဗဟိုဘဏ်က ထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးရရှိသည့် ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရရှိသူ၊ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ရရှိသူလည်း ပါဝင်သည်။

(ဍ) **နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရရှိသူ**ဆိုသည်မှာ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ရာတွင် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်ကိုသာ ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် လဲလှယ်ခွင့်ရှိသူကို ဆိုသည်။

(ပ) **နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ**ဆိုသည်မှာ ပုဒ်မ ၇ ပါ နိုင်ငံခြားသုံးငွေလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ လုပ်ကိုင်ခွင့်ရရှိသည့် ဘဏ်ကို ဆိုသည်။

(ဏ) **ငွေချေးသက်သေခံလက်မှတ်**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(တ) **သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှု**ဆိုသည်မှာ ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုမဟုတ်သည့် ပေးချေမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) ကုန်သွယ်မှု၊ ဝန်ဆောင်မှု အပါအဝင် သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုနှင့် ကာလတို ဘဏ်ချေးငွေများအတွက် ပေးချေမှု၊

(၂) ချေးငွေအပေါ် ပေးရသည့် အတိုးနှင့် ရင်းနှီးမြှုပ်နှံမှုမှ အသားတင်ဝင်ငွေ၊

(၃) ချေးငွေအတွက် တစ်လုံးတစ်ခဲတည်း မဟုတ်သည့် သင့်တင့်သောပမာဏဖြင့် အရစ်ကျ ပြန်လည်ပေးဆပ်ခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် တန်ဖိုးလျော့ခြင်း၊

(၄) မိသားစုနေထိုင်မှုစရိတ်အတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေလွှဲပေးပို့မှု။

(ထ) **ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှု**ဆိုသည်မှာ ပုဒ်မခွဲ (တ) ပါ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုမှတစ်ပါး ငွေလုံးငွေရင်းလွှဲပြောင်းမှုအတွက် ပေးချေမှုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်၊

(ခ) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ပြည်ပစီးပွားဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၄။ ဗဟိုဘဏ်သည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံသည့်ငွေလဲလှယ်နှုန်းကို နေ့စဉ်ထုတ်ပြန်ကြေညာရမည်။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးလထက်မပိုသော နိုင်ငံခြားသုံးငွေလုပ်ငန်းနှင့်စပ်လျဉ်းသည့် အရေးပေါ်ကာလတစ်ရပ်ကို သတ်မှတ်နိုင်သည်။ လိုအပ်ပါက တစ်ကြိမ်လျှင် သုံးလထက်မပိုစေဘဲ ထပ်မံသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ကာလသတ်မှတ်ပါက ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ လုပ်ငန်းများကို ယာယီကန့်သတ်နိုင်သည်။

၆။ ဗဟိုဘဏ်သည် နိုင်ငံခြားငွေကြေးဈေးကွက်လုပ်ငန်းများ စနစ်တကျနှင့် ချောမွေ့စွာ လုပ်ကိုင်နိုင်ရန် ပံ့ပိုးဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံခြားသုံးငွေရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## နိုင်ငံခြားသုံးငွေလုပ်ငန်းများ

၇။ နိုင်ငံခြားသုံးငွေလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-

(က) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေဖြင့် ပေးချေမှု၊

(ခ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားသုံးငွေဖြင့် အခြားသော ပေးချေမှု၊

(ဂ) နိုင်ငံခြားသုံးငွေဖြင့် နိုင်ငံတကာပေးချေမှု သို့မဟုတ် လွှဲပြောင်းမှု၊

(ဃ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေ သို့မဟုတ် အခြားနိုင်ငံခြားသုံးငွေများ ဝယ်ယူမှု သို့မဟုတ် ရောင်းချမှု၊

(င) ဗဟိုဘဏ်က အခါအားလျော်စွာ ခွင့်ပြုသည့် နိုင်ငံခြားသုံးငွေလုပ်ငန်း။

၈။ နိုင်ငံတော်အတွင်း ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် အခြေပစ္စည်းရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်း၊ ပေးချေခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှုစာချုပ် စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား လက်ရောက်လွှဲပြောင်းခြင်းကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ ပုဒ်မ ၉ ပါ လက်ရောက်လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားသုံးငွေဖြင့် ပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တစ်ရပ်ရပ်ရရှိသူကသာ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ကုန်သွယ်မှုဆိုင်ရာ ပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသော ဘဏ်မှတစ်ဆင့်သာ ဆောင်ရွက်ရမည်။

၁၂။ ပုဒ်မ ၇ ပါ နိုင်ငံခြားသုံးငွေလုပ်ငန်းများကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တစ်ရပ်ရပ် ရရှိသူကသာ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၅)
## နိုင်ငံခြားငွေ ကိုင်ဆောင်ခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် အသုံးပြုခြင်း

၁၃။ ပြည်တွင်း၌ နေထိုင်သူသည် ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ-

(က) နိုင်ငံခြားငွေပမာဏတစ်ရပ်ကို သတ်မှတ်ကာလတစ်ခုအတွင်း ကိုင်ဆောင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ကာလကုန်ဆုံးပြီးနောက် မိမိတို့ကိုင်ဆောင်ခွင့်ရှိသော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူထံ ဈေးကွက်ပေါက်ဈေးနှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်။

၁၄။ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ထားသော မည်သူမဆို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိပိုင်ဆိုင်သော နိုင်ငံခြားငွေကို နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်အပ်နှံရမည်။

၁၅။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေဖြင့် ဝင်ငွေများကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းသို့ ပြန်လည်ပေးပို့ရမည်။ ထိုဝင်ငွေများကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ်အပ်နှံရမည်။

၁၆။ ပြည်တွင်း၌ နေထိုင်သူ သို့မဟုတ် ပြည်ပ၌ နေထိုင်သူသည်-

(က) နိုင်ငံတော်အတွင်း တရားဝင်ရရှိသော နိုင်ငံခြားသုံးငွေများ ရောင်းချခြင်းမှရရှိသည့် ကျပ်ငွေကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ကျပ်ငွေစာရင်းဖွင့်လှစ်အပ်နှံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျပ်ငွေစာရင်းလက်ကျန်ဖြင့် နိုင်ငံခြားသုံးငွေ ပြန်လည်ဝယ်ယူနိုင်သည်။

၁၇။ ပြည်တွင်း၌ နေထိုင်သူသည် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့်သာ ပြည်ပနိုင်ငံတစ်ခုခုတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်နိုင်သည်။

၁၈။ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ပတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိသော ပြည်တွင်း၌ နေထိုင်သူသည် ယင်းနိုင်ငံခြားငွေစာရင်း အသုံးပြုမှုအားလည်းကောင်း၊ ပြည်တွင်းနေထိုင်သူ၏ လက်အောက်ခံ ကုမ္ပဏီများ၊ ရုံးခွဲများနှင့် ဆက်စပ်ပုဂ္ဂိုလ်များမှ ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်း အသုံးပြုမှုအား လည်းကောင်း ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရမည်။

၁၉။ ဗဟိုဘဏ်သည် ပြည်တွင်း၌ နေထိုင်သူနှင့် ပြည်ပ၌ နေထိုင်သူများက နိုင်ငံတော်အတွင်း နိုင်ငံခြား ငွေဖြင့် ဘဏ်ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခန်း (၆)
## ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများ

၂၀။ ပြည်တွင်း၌ နေထိုင်သူနှင့် ပြည်ပ၌ နေထိုင်သူတို့သည် နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများဖြစ်သော ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ငွေသားဖြင့် ပေးချေမှုနှင့် အခြားပေးချေမှုများကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရသူများ

၂၁။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်တွင်ပါရှိသည့် သတ်မှတ်လုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်။

( ခ ) ဤဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၂၂။ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပြည်တွင်း၌နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာဝင်ရောက်ခြင်း ရှိ မရှိ စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်ရငွေ ဝင်ရောက်ခြင်းမရှိကြောင်း တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ တစ်လအတွင်း အစီရင်ခံ တင်ပြရမည်။

( ခ ) ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်ငွေစာရင်းတွင် ပုံမှန်မဟုတ်သည့် အခြေအနေတစ်ရပ်ရပ်တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည်။

၂၃။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပြည်တွင်း၌ နေထိုင်သူ များအား ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေးနိုင်သည်။

၂၄။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံခြားသုံးငွေဖြင့် အပ်ငွေ လက်ခံခြင်း၊ နိုင်ငံခြားသုံးငွေကို ရောင်းဝယ်မှုပြုခြင်း၊ ဘဏ်များအကြား ငွေကြေးဈေးကွက်တွင် ပါဝင် ဆောင်ရွက်ခြင်းတို့ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်း လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း (၈)
## ရွှေနှင့် လက်ဝတ်ရတနာများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း

၂၆။ ပြည်တွင်း၌နေထိုင်သူ သို့မဟုတ် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ သို့မဟုတ် လက်ဝတ်ရတနာကို ပြည်ပသို့ ယူဆောင်သွားခြင်း သို့မဟုတ် ပြည်ပမှ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၇။ ပြည်တွင်း၌နေထိုင်သူသည် စံချိန်မမီရွှေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ် တစ်ရပ်ရပ်အတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်-

(က) တစ်ကိုယ်ရေသုံးစွဲခြင်း၊

(ခ) နိုင်ငံတော်အတွင်း လက်ရောက်ဝယ်ယူခြင်း သို့မဟုတ် လက်ရောက်ရောင်းချခြင်း၊

(ဂ) စံချိန်မမီရွှေ သို့မဟုတ် လက်ဝတ်ရတနာကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့ တင်ပို့ခြင်း။

၂၈။ ပြည်တွင်း၌နေထိုင်သူသည် အောက်ပါကိစ္စရပ် တစ်ရပ်ရပ်အတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရမည်-

(က) စံချိန်မီရွှေ ပိုင်ဆိုင်ခြင်း၊

(ခ) နိုင်ငံတော်အတွင်း စံချိန်မီရွှေကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးယူခြင်း သို့မဟုတ် ချေးငှားခြင်း၊

(ဂ) စံချိန်မီရွှေကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်း၊

(ဃ) နိုင်ငံတော်အတွင်း စံချိန်မမီရွှေ ချေးယူခြင်း သို့မဟုတ် ချေးငှားခြင်း၊

(င) စံချိန်မမီရွှေ သို့မဟုတ် လက်ဝတ်ရတနာကို ပြည်ပမှ တင်သွင်းခြင်း၊

(စ) နိုင်ငံတော်အတွင်း ရွှေကို လက်ရောက်ဝယ်ယူခြင်း သို့မဟုတ် လက်ရောက်ရောင်းချခြင်းမှတစ်ပါး အခြားနည်းလမ်းဖြင့် ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

## အခန်း (၉)
## သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ

၂၉။ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအတွက် နိုင်ငံတကာမှ ပြည်တွင်းသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်း မပြုလုပ်ရ။

၃၀။ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအတွက် ပြည်တွင်းမှ နိုင်ငံတကာသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်း မပြုလုပ်ရ။

## အခန်း (၁၀)
## ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ

၃၁။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော အရင်းငွေ၊ အတိုးငွေ၊ အမြတ်ခွဲဝေမှုများနှင့် အခြားရငွေများကို ပြည်ပသို့ ပြန်လည်လွှဲပြောင်းပေးပို့ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ပြည်တွင်းသို့ အမှန်တကယ်ယူဆောင်လာခြင်း ရှိ မရှိ စိစစ်ရမည်။

၃၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ယူဆောင်လာသည့်အခါတိုင်း စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

၃၃။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ပြည်ပသို့ ပြန်လည်လွှဲပို့လိုကြောင်း တင်ပြလာလျှင် စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီးနောက် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံးလျှင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် လုပ်ငန်းအားလုံး ပိတ်သိမ်းလျှင်ဖြစ်စေ မိမိ၏ ရင်းနှီးမြှုပ်နှံငွေများကို မိခင်နိုင်ငံ သို့မဟုတ် တတိယနိုင်ငံသို့ တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းပေးပို့နိုင်သည်။

၃၅။ ပြည်တွင်း၌နေထိုင်သူသည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေများ လွှဲပြောင်းလိုပါက ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့ရမည်။

(ဂ) ပြည်ပမှ ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ချေးငွေရယူလိုပါက စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

၃၆။ ဗဟိုဘဏ်သည် ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။ ယင်းကန့်သတ်ချက်များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချေးငွေများအတွက် အရင်းပြန်လည်ပေးဆပ်မှု၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားသို့ ကူညီထောက်ပံ့မှု၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံမှု။

၃၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက ပယ်ဖျက်သည် သို့မဟုတ် ခြွင်းချက်ပြုသည်ဟု မှတ်ယူခြင်းမပြုရ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရမည်။

**အခန်း (၁၁)**

**ဗဟိုဘဏ်၏ စီမံခန့်ခွဲပိုင်ခွင့်**

၃၈။ ဗဟိုဘဏ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်-

(က) နိုင်ငံခြားသုံးငွေလုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ လက်ဝယ်တွင် ထားရှိနိုင်သည့် နိုင်ငံခြားသုံးငွေ ရရန်ပိုင်ခွင့်များ၏ ပမာဏကို ကန့်သတ်ခြင်း၊

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်၏ အသားတင် နိုင်ငံခြားသုံးငွေပမာဏကို ကန့်သတ်မှုများပြုလုပ်ရာတွင် ငွေကြေးတစ်မျိုးချင်းသော်လည်းကောင်း၊ ငွေကြေးအားလုံးစုပေါင်း၍ သော်လည်းကောင်း သတ်မှတ်ခြင်း၊ ယင်းပုဂ္ဂိုလ်၏ ပြည်ပကြွေးမြီပမာဏနှင့် အခြားလိုက်နာရန် အချက်များကို သတ်မှတ်ခြင်း၊

(င) ဤဥပဒေနှင့်သက်ဆိုင်သော နိုင်ငံခြားသုံးငွေလုပ်ငန်းများအား ကြပ်မတ်ကွပ်ကဲခြင်း၊

(စ) ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ပို့ကုန်ရငွေ အပြည့်အဝ ဝင်ရောက်ခြင်းမရှိကြောင်း သို့မဟုတ် ယင်းဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ အခြားပုံမှန်မဟုတ်သည့် အခြေအနေတစ်ရပ်ရပ် တွေ့ရှိကြောင်း နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း လိုင်စင်ရရှိသူက တင်ပြလာလျှင် စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း၌နေထိုင်သူကို နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေးခွင့်ပြုရန် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူက တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဇ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ပြည်ပသို့ ပြန်လည်လွှဲပို့လိုကြောင်း တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဈ) ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများက သတ်မှတ်ချက်များနှင့်အညီ တင်ပြလာသည့်ကိစ္စရပ်များအပေါ် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ည) ငွေ သို့မဟုတ် ပစ္စည်းကို ပြည်ပမှ ချေးယူခြင်း သို့မဟုတ် ပြည်ပမှ ချေးငွေရယူရန်အလို့ငှာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြလာခြင်းအား စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၃၉။ ဗဟိုဘဏ်သည်-

(က) ဤဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်ရာတွင် လိုအပ်သော သတင်းအချက်အလက်များကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူထံမှ တောင်းယူခွင့်ရှိသည်။

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားများနှင့် ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆသော အခြားမှတ်တမ်းများကို စစ်ဆေးနိုင်ရန် ဗဟိုဘဏ်ဝန်ထမ်းကိုဖြစ်စေ၊ ဗဟိုဘဏ်က တာဝန်ပေးအပ်ထားသည့် ပြင်ပပုဂ္ဂိုလ်ကိုဖြစ်စေ တာဝန်ပေးဆောင်ရွက်စေနိုင်သည်။

၄၀။ ဗဟိုဘဏ်သည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ထုတ်ပေးထားသော နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်-

(က) လျှောက်ထားသူသည် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူရန် တင်ပြခဲ့စဉ်က အဆိုပြုတင်ပြသည့် အရာရှိများ၊ ဒါရိုက်တာများနှင့် အဓိကရှယ်ယာပိုင်ဆိုင်သူများ၏ လုပ်ငန်းအတွေ့အကြုံ သို့မဟုတ် ဖြောင့်မတ်တည်ကြည်မှုနှင့်စပ်လျဉ်း၍ မမှန်ကန်သော သတင်းအချက်အလက်များ တင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်လွှာနှင့်စပ်လျဉ်း၍ မမှန်ကန်သော စာရွက်စာတမ်းများတင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသူက လုပ်ငန်းလိုင်စင် ရုပ်သိမ်းပေးပါရန် တင်ပြတောင်းခံလာခြင်း၊

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့် တာဝန်များကို ပျက်ကွက်ခြင်း၊

(င) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ပုဒ်မ ၅၅ နှင့် ၅၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(စ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ အခွန်လိမ်လည်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ပြစ်မှုတစ်ခုခုအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် မိမိနှင့်လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူများ၏ လိုအပ်ချက်ကိုလည်းကောင်း၊ သာမန်လုပ်ငန်းဆောင်ရွက်မှုတွင် မိမိဖြည့်ဆည်းရန် တာဝန်များကိုလည်းကောင်း ပျက်ကွက်ပြီး လုပ်ငန်းတွင် အရှုံးပေါ်ပေါက်၍ လုပ်ငန်းဖျက်သိမ်းရဖွယ်ရှိသည်ဟု ခိုင်လုံသောအထောက်အထားများ တွေ့ရှိရခြင်း။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၄၁။ ဗဟိုဘဏ်သည် ဤဥပဒေ အခန်း (၇) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်း ဆောင်ရွက်ချက်များကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များ ချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) တာဝန်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်းအား လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊

(င) လုပ်ငန်းလိုင်စင် ဖျက်သိမ်းခြင်း။

၄၂။ ပုဒ်မ ၄၁ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခံရသူသည်-

(က) အရေးယူခံရသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၄၃။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခံရသူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ အရေးယူခြင်းအပေါ် ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၃)
## တားမြစ်ချက်များ

၄၄။ မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၄၅။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ သို့မဟုတ် လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်း မပြုရ။

၄၆။ ပြည်တွင်း၌နေထိုင်သူ မည်သူမဆို ပို့ကုန်ရငွေအားလုံးကို သက်ဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်အရ သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၇။ ပြည်တွင်း၌နေထိုင်သူ မည်သူမဆို ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှု မပြုရ။

၄၈။ ပြည်တွင်း၌နေထိုင်သူ မည်သူမဆို သတ်မှတ်ချက်နှင့်အညီ ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပမှ ငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းသော်လည်းကောင်း ပြည်ပမှ ချေးငွေရယူရန်အလို့ငှာ ငွေချေးသက်သေခံ လက်မှတ်များ ထုတ်ဝေခြင်းသော်လည်းကောင်း မပြုရ။

၄၉။ မည်သူမျှ ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၈ ပါ ကိစ္စရပ်များအား ဆောင်ရွက်ခြင်း မပြုရ။

၅၀။ မည်သူမျှ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ မဟုတ်ဘဲ နိုင်ငံတော်အတွင်း ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် အခြေပစ္စည်းများရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြားငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်း၊ ပေးချေခြင်း သို့မဟုတ် လက်ခံခြင်းတို့ မပြုရ။

၅၁။ ပြည်တွင်း၌နေထိုင်သူ မည်သူမဆို ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်းသော်လည်းကောင်း၊ ယင်းစာရင်းအသုံးပြုမှုအား သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ အစီရင်ခံရန် ပျက်ကွက်ခြင်းသော်လည်းကောင်း မရှိစေရ။

၅၂။ ပြည်တွင်း၌နေထိုင်သူ မည်သူမဆို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ မဟုတ်ဘဲ ကုန်သွယ်မှုအတွက် ပြည်ပသို့ ငွေပေးချေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုရ။

၅၃။ မည်သူမျှ နိုင်ငံတော်၏ စီးပွားရေးစနစ်တည်ငြိမ်မှုကို ထိခိုက်စေသော သို့မဟုတ် နိုင်ငံတော်၏ ငွေကြေးစနစ်အပေါ် ပြည်သူတို့၏ အယုံအကြည်ပျက်ပြားစေသော သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်နှုန်းအား မတည်မငြိမ်ဖြစ်စေသော ဈေးကစားခြင်း သို့မဟုတ် ယင်းသို့ ဖြစ်စေရန် အကြောင်းရှိသော အမှုတစ်ခုခုကို မည်သည့်နည်းလမ်းနှင့်မျှ ဆောင်ရွက်ခြင်း မပြုရ။

၅၄။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ဗဟိုဘဏ်ကထုတ်ပေးသည့် လုပ်ငန်း လိုင်စင်တွင် သတ်မှတ်ခွင့်ပြုခြင်းမရှိသော နိုင်ငံခြားသုံးငွေလုပ်ငန်းများအား လုပ်ကိုင်ခြင်း မပြုရ။

၅၅။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများသည် ဤဥပဒေပါ ပုဒ်မ ၃၉ အရ-

(က) ဗဟိုဘဏ်ကတောင်းခံသော သတင်းအချက်အလက်များကို ပေးအပ်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) မိမိ၏စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားများနှင့် အခြားမှတ်တမ်းများကို စစ်ဆေးမှုပြုရာတွင် စွက်ဖက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၅၆။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၁၄)
## ပြစ်မှုနှင့် ပြစ်ဒဏ်

၅၇။ မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၃ တို့အနက် ပုဒ်မတစ်ရပ်ရပ်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂ တို့အနက် ပုဒ်မတစ်ရပ်ရပ်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တာဝန်ရှိသူအား သုံးနှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၅ သို့မဟုတ် ပုဒ်မ ၅၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တာဝန်ရှိသူအား တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၆၁။ ဤဥပဒေပါ ပြစ်မှုများဖြင့် တရားစွဲဆိုရာတွင် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၆၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၃။ ရုပ်သိမ်းလိုက်သည့် ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၆၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံး၍ ဥပဒေအား တာဝန်အရ အကောင်အထည်ဖော် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်း မပြုရ။

၆၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဗဟိုဘဏ်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၆။ ဤဥပဒေဖြင့် ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်သီရိဝေ<br>တ/၂၉၈၇ | နတ်မောက်<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်အေမီဝင်းနိုင်<br>တ/၂၉၈၈ | လွိုင်ကော်<br>ကယားပြည်နယ် |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးသူရအောင်သင်းကြိုင်<br>တ/၃၅၄၈ | ညောင်တုန်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးဝင်းသီဟအောင်<br>တ/၃၅၅၁ | ဒလ<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးရဲကိုကို<br>တ/၃၀၂၅ | ကျောင်းကုန်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးဇော်ဇော်ထက်<br>တ/၃၀၄၈ | တမူး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးသူရစိုးဝင်း<br>တ/၃၂၁၈ | မိုးကုတ်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး<br>
ပြည်ထောင်စုတရားသူကြီးချုပ်<br>
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်ရွှယ်ဆိုင်နူး<br>တ/၃၁၉၂ | ဝန်းသို<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးဝေဇင်ဦး<br>တ/၃၁၆၇ | သရက်ချောင်း<br>တနင်္သာရီတိုင်းဒေသကြီး |

ထွန်းထွန်းဦး<br>
ပြည်ထောင်စုတရားသူကြီးချုပ်<br>
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့် ၏ ကိုယ်ရေးအရာရှိအဖြစ် ဦးဇေညမျိုး၊ [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ၈/ခမန (နိုင်) ၂၀၀၇၇၂] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ၌ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ (၂၉၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၄၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးသန်းကို ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၄၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးလှထွန်း ကို မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

### မသန်စွမ်းသူများ၏ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာ** ဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>ပြည်ထောင်စုဥပဒေအထောက်အကူပြုရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရှေ့နေများကွန်ရက် | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ် (၅) ဦး<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံနားမကြားလူမှုအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဋ) | ဦးသန့်ဇင်<br>Peace Myanmar Aid Foundation | အဖွဲ့ဝင် |
| (ဌ) | ဦးရဲဝင်း<br>iSchool (မြန်မာ) | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာဒေါင်းဆင်ဒရုမ်းအသင်း | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာအော်တစ်ဇင်အသင်း | အဖွဲ့ဝင် |

(ဏ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
My Justice

(တ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
Voluntary Service Overseas (VSO)

(ထ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
Department for International Development (DFID)

(ဒ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(ဓ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
UN Women

(န) ကိုယ်စားလှယ် (၇) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ

(ပ) ဦးအောင်ထွန်းခိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

(ဖ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)

(ဗ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
Legal Clinic

(ဘ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
UNFPA

(မ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်

(ယ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

(ရ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်

(လ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း

(ဝ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(သ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တရားရေးရာဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများနှင့် သက်ဆိုင်သူများအား မသန်စွမ်းသူများဆိုင်ရာ အသိပညာ၊ မသန်စွမ်းသူများအတွက် လက်ရှိတည်ဆဲဥပဒေများနှင့် အစီအစဉ်တို့ကို အသိပညာမြင့်မားရေး သင်တန်းပေးခြင်း၊

(ဂ) တရားရေး၊ ဥပဒေရေးရာ၊ ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်ဆိုင်ရာ အဆောက်အဦသစ်များ တည်ဆောက်ရာတွင် ကမ္ဘာ့သုံးပုံစံ (Universal Design) စည်းမျဉ်း၊ စည်းကမ်းများ ကျင့်သုံးရေးဆွဲခြင်းနှင့် ဆောက်လုပ်ပြီး အဆောက်အဦများတွင်လည်း ပိုမိုလက်လှမ်းမီဝင်ထွက်သွားလာနိုင်ရေးအတွက် ပြုပြင်ဖန်တီးရေးစသည့် အခြေခံအဆောက်အဦပိုင်းဆိုင်ရာ လက်လှမ်းမီနိုင်မှုအား သေချာစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ဆက်စပ်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အပါအဝင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအား လက်လှမ်းမီရရှိအသုံးပြုစေခြင်း သေချာစေရန် ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများအတွက် တရားမျှတမှု လက်လှမ်းမီရယူနိုင်စေခြင်း အစီအစဉ်များကို သေချာစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် တာဝန်ရှိသူများမှ ၎င်း၏တာဝန်ဝတ္တရားများကို နားလည်စေရန် ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ ဖြစ်စေရေးအတွက် တည်ဆဲဥပဒေများ ပြန်လည်စိစစ်ပြုပြင်ခြင်းနှင့် အသစ်ထပ်မံပြဋ္ဌာန်းမည့် ဥပဒေများတွင်လည်း ကွန်ဗင်းရှင်းပါ အချက်များနှင့် ညီညွတ်စေရေး ဆောင်ရွက်ခြင်း။

ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၅၅၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့၊ ဈေးပိုင်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၄/ဈေးကုန်းဆေးရုံရပ်၊ ဦးပိုင်အမှတ် (၁၆၊ ၁၇)၊ **မြေဧရိယာ ၀. ၆၈ ဧက** အား **ရှားတောမြို့နယ် မီးသတ်စခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၅၉/၂၀၁၉)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၂/OSS/ကံပေါက်ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၄. ၇၀ ဧက** အား **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၆၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၈၄/ဇင်းကျိုက်ကွင်း၊ ဦးပိုင်အမှတ် (၅၈ ဏ) ရှိ **မြေဧရိယာ ၀. ၁၇ ဧက** အား **ဇင်းကျိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၆၂/၂၀၁၉)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံတိုးချဲ့ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၇၆/ခရိုက်သစ်ကွင်း၊ မြေကွက်အမှတ် (၆/၈၇) ရှိ **မြေဧရိယာ ဝ. ၁၈ ဧက** အား ငါးလုပ်ငန်းဦးစီးဌာန၊ **ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။
၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၆၃/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၆၀)၊ မြေကွက်အမှတ် (၁၇၉)၊ မြေဧရိယာ **၂. ၅၂ ဧက** အား **မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (ပြင်ဦးလွင်မြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။
၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၆၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ဒါးဝယ်ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂/၂၉၊ တောင်ဘော်ဂါကွင်း)၊ ဦးပိုင်အမှတ် (၂) ရှိ **ငါးထပ်ကြီးကျောင်းတိုက်** မူလသာသနာ မြေဧရိယာ **၁. ၀၂၅ ဧက** အနက်မှ **ဦးပိုင်အမှတ် (၂/၃) ရှိ မြေဧရိယာ ၀. ၀၆၇ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **ဦးလွန်းဝေ [၁၂/မဂဒ (နိုင်) ၀၀၅၁၆၆]** ကံသာယာမြို့သစ်၊ ချမ်းမြ သာစည်မြို့နယ်၊ မန္တလေးမြို့နေသူအား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၆၅/၂၀၁၉)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၇/ မေဃဝန် မြောက်အကွက်၊ ဦးပိုင်အမှတ် (၈)၊ မူလသာသနာမြေဧရိယာ ၃. ၂၃၃ ဧကအတွင်းရှိ **နေမိန္ဒရဝေဠုဝန်ကျောင်း သာသနာ မြေဧရိယာ ၁. ၃၂၅ ဧက** အနက်မှ **၀. ၀၁၃ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးကြည်လွင် [၁၀/သထန (နိုင်) ၁၂၆၆၅၀]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၆၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကြီးရွာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၁၆/ပေါင်လောင်ကန်တောင်ကွင်း၊ ၃၂၀-က ကြီးရွာရွာမကွင်း၊ ၃၄၀/စိုတွင်းကွင်း)၊ ဦးပိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၉၅၊ ၁-ခ၊ ၇)၊ **မြေဧရိယာ ၃၃. ၃၀ ဧက** အား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန **အစိုးရနည်းပညာအထက်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပညာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပညာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၆၈/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ် (၁၅) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၆-ခ/သပြေပင်)၊ ဦးပိုင်အမှတ် (၆)၊ **မြေဧရိယာ ၁၀. ၀၂၈ ဧက** အား **မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်သူ့အားကစားကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၇၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ကင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၅၅၊ ရှားရောင်းကွင်း)၊ ဦးပိုင်အမှတ် (၄) ရှိ **လက်ဝဲမြောက်ကျောင်းတိုက်** မူလသာသနာ **မြေဧရိယာ ၅. ၅၈ ဧက** အနက်မှ မြေကွက်အမှတ် (F-၇၆/၁၉၈) ရှိ **မြေဧရိယာ ၀. ၀၄ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **ဦးမျိုးလှိုင်ဝင်း [၉/ခအဇ (နိုင်) ၀၁၄၃၈၆]**၊ စက်မှုရပ်ကွက်၊ မန္တလေးမြို့နေသူအား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၇၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ငွေး (ပ/၅၃၄၆) အား သက်ပြည့်ပင်စင်ယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ငွေး (ပ/၅၃၄၆) အား ငြင်းပယ်ထားသည့် အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၅၆၀ᶜ/လိပ်ပွတ်တောရွာကွင်း၊ ဦးပိုင်အမှတ် (၇၄/၁၊ ၇၆/၁ᵃ) တို့ရှိ **မြေဧရိယာ ၇. ၀၃ ဧက** အား အထည်ချုပ်စက်ရုံ မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄,၂၁၈,၀၀၀/-)** နှုန်းဖြင့် **ဒေါ်အက်စတာ [၉/မကန (နိုင်) ၁၄၈၁၈၃]** အား အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၇၉/၂၀၁၉)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့မအုပ်စု၊ အကွက်အမှတ်/အမည် - ၁၄ဏ/ရန်ကြီးအောင်ရပ်၊ ဦးပိုင်အမှတ် (၈)၊ မြေကွက်အမှတ် (၂၂၊ ၂၃၊ ၂၄) ရှိ **မြေဧရိယာ ၀. ၄၁၄ ဧက** အား လမ်းဦးစီးဌာန၊ **ရေးမြို့နယ်လမ်းဦးစီးဌာန၊ ဧည့်ရိပ်သာ (၁)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၈၀/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/မြို့သစ်)၊ ဦးပိုင်အမှတ် (၁၈၅) ရှိ **မြေဧရိယာ ၀. ၇၂၃ ဧက** အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး **ချင်းပြည်နယ်တရားလွှတ်တော်ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၁/၂၀၁၉)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) ၏ စက်မှုကုန်ကြမ်းစိုက်ခင်း (သံတောင်ကြီး) က ကရင်ပြည်နယ်အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ တောပြာကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၆/စနေကုန်းကွင်း၊ မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဦးပိုင်အမှတ် (၁၀၇) ရှိ **မြေဧရိယာ ၇. ၉၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၆၈၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) ၏ စက်မှုကုန်ကြမ်းစိုက်ခင်း (သံတောင်ကြီး) က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇. ၉၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၂/၂၀၁၉)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက မူလပိုင်ရှင်သို့ ပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၆၀/ဂုံမင်းအင်းကွင်း၊ မြေအမျိုးအစား-OA၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၅၇/၇၉) ရှိ **မြေဧရိယာ ၂. ၀၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၆၂၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၀၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၃/၂၀၁၉)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကရင်ပြည်နယ် သားဖွား၊ မီးယပ်နှင့် ကလေးဆေးရုံသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၄/ ရွှေဘိုကျောင်းတောင်၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၁၈) ရှိ **မြေဧရိယာ ၂. ၀၄၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၆၈၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၀၄၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပန်းခြံမြေအဖြစ် အသုံးပြုရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၂၆၃-ခ/ကျိန္တလီကွင်း၊ မြေအမျိုးအစား-ရွာမြေ၊ မြေကွက်အမှတ် (၁၅၉၂/၁၆၃၉) ရှိ **မြေဧရိယာ ၀. ၉၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၆၈၇/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁/သရက်ကုန်းကွင်း၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၃၀/50) ရှိ **မြေဧရိယာ ၀. ၈၉၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၇၆၀/ ၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၈၉၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၄၉/-)၊ မြေအမျိုးအစား-L၊ ဦးပိုင်အမှတ် (၇-ခ၊ ၈-ခ၊ ၉၊ ၆၁-င) ရှိ **မြေဧရိယာ ၀. ၅၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်

စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၆၈၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၇/၂၀၁၉)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မူလပိုင်ရှင်သို့ ပေးရန် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ဝယ်ကဝါကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၃၁၅/ဘီစခပ်အရှေ့ကွင်း၊ မြေအမျိုးအစား-အဆောက်အဦမြေ၊ ဦးပိုင်အမှတ် (၃၆ဏ) ရှိ **မြေဧရိယာ ၀. ၅၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၆၃၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၈/၂၀၁၉)

၁။ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနက မြို့နယ်သစ်တောဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၈/မိုးဟုတ်ဘုရားကုန်း၊ မြေအမျိုးအစား-တရုတ်သုသာန်မြေ၊ ဦးပိုင်အမှတ် (၃) ရှိ **မြေဧရိယာ ၀. ၃၁၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၆၈၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၁၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၅၈၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်အသုံးပြုရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ အလယ်ရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၉၆ဏ/အလယ်ရွာကွင်း၊ မြေအမျိုးအစား-R2၊ ဦးပိုင်အမှတ် (၄/၅ အတွင်းမှ) ရှိ **မြေဧရိယာ ၀. ၂၄ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၇၅၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးမှ (စ/၀၆၁၀) ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင် အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရခိုင်ပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးမြင့်ဇော်ဝင်း<br>ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးကျော်လွင်<br>ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် (၁) |
| (ဂ) | ဦးအေးမင်းအောင်<br>ညွှန်ကြားရေးမှူး (ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် (၂) |
| (ဃ) | ဦးမျိုးဝင်းအောင်<br>ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဦးဖြိုးဇော်ဇော်<br>ညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးသန်းထွေး<br>ဒုတိယညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်မြိုင်<br>ဒုတိယညွှန်ကြားရေးမှူး (ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးညီညီအောင်<br>ဒုတိယဌာနမှူး (စာကြည့်တိုက်/ပြတိုက်)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဦးရှိန်းစိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဝင်းသိန်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဇော်မင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်သာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးတင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်စုစုတင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးထွန်းလင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်သာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါ်အေးအေးမူ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမျိုးဦး<br>ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (ယဉ်ကျေးမှု) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးအောင်ပန်း<br>ဌာနမှူး (သင်တန်းရေးရာ)<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (ဂ) | ဒေါ်စန်းစန်းအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နီလာအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစိုးကိုကို<br>ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ)<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (စ) | ဦးကျော်ဆန်းဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး (ယဉ်ကျေးမှု) | အဖွဲ့ဝင် |
| (ဆ) | ဦးရှိုင်းဇာနည်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |

၃။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့်စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်းနှင့် ကြိုတင်တားဆီးရေးဆောင်ရွက်ခြင်း၊

(ဃ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များချမှတ်ခြင်း၊

(င) အဂတိလိုက်စားမှု ပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊ လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း၊

(ဆ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ တိုင်ကြားစာ၊ အကြံပြုစာများကိုစိစစ်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အား အထောက်အကူပြုမည့်သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများရယူခြင်း၊

(ဈ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် မူဝါဒ၊ ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ လာဘ်ပေးလာဘ်ယူပြုခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို စံနမူနာပြ လိုက်နာဆောင်ရွက်ခြင်း၊

(ဋ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

၄။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ် လာသည့် ပြဿနာများကိုဖြေရှင်းခြင်း၊ အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင် တားဆီး ကာကွယ်ခြင်းစသည့်လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက် သွားရန်ဖြစ်ပါသည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၅၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးအောင်မော် အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်နေ့အထိ ၎င်း၏ သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက် ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၅၃/၂၀၁၉)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးစံပေါ် အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-

၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စက်မှု) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၉/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (ဘူမိ) ဦးသူရ-၂ အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (ဘူမိ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) တို့၏ သဘောတူညီချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ရထားပို့ဆောင်ရေး) မှ ရုံးအုပ် ဒေါ်ရီရီမြင့် အား လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့**

၁။ မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုလွှတ်တင်နိုင်ရေးကိစ္စ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် **မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (EOS**

**Project Implementation Working Group)** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးဝင်းမော်ထွန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ခ) ဒုတိယဗိုလ်မှူးကြီးမင်းသိန်း — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ၊ တပ်မတော်နည်းပညာတက္ကသိုလ်
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) ဦးဝင်းအောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်
ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒေါ်ကြည်မာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ဦးဝင်းခိုင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(စ) ဒေါက်တာမြင့်သိန်း — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာကျော်မိုးခိုင် — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်
အာကာသပညာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

(ဇ) ဒေါ်နော်ဝေးလ်မာဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဈ) ဦးကျော်သူငြိမ်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(ည) ဒေါက်တာကြည်ကြည်သန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဋ) ဒေါ်လှလှကျိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဌ) ပါမောက္ခယူကီဟီရို — အဖွဲ့ဝင်
Space Mission Centre
ဟော့ကိုင်းဒိုးတက္ကသိုလ်၊ ဂျပန်နိုင်ငံ

(၃) ဒေါက်တာကြည်သွင် အတွင်းရေးမှူး
ပါမောက္ခချုပ်
မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

၂။ **မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့** ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုစီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ကြုံရသော အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(ခ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန်၊

(ဂ) သဘောတူစာချုပ်ပါ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုအစီအစဉ်အရ သတ်မှတ်ထားသည့် ကာလတွင် ပုံမှန်အစည်းအဝေးများ ပြုလုပ်ရန်၊

(ဃ) စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို မြန်မာနိုင်ငံ အနိမ့်ပျံဂြိုဟ်တုလွှတ်တင်ရေးဆပ်ကော်မတီထံသို့ အစီရင်ခံတင်ပြရန်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃၅/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) တို့မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရောင်းဝယ်ရေးဌာန (ကျောက်စိမ်း) မှ ရုံးအုပ်၊ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၃၄,၀၀၀) ဒေါ်မြင့်မြင့်ဝင်း ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မိုးကုတ်တူးဖော်ရေးဌာန (မန္တလေးစခန်းရုံး)၊ လက်ထောက်မန်နေဂျာ (စီမံ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၈၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ (လဝက-၁၃၄၂၃) ညွှန်ကြားရေးမှူး ဦးငွေအောင်ကျော် သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားရမည်ဖြစ်ရာ ၎င်း၏ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား မူလအခြေခံနည်းဥပဒေအပိုဒ်-၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၂၂ အရလည်းကောင်း အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးငွေအောင်ကျော် အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၅၆ (က) အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါ ဒုတိယ ညွှန်ကြားရေးမှူး (၄) ဦးအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစိန်ဝင်း | ၁၂/သကတ (နိုင်) ၀၃၂၇၁၉ |
| (ခ) | ဦးညီညီအောင် | ၅/ဆလက (နိုင်) ၀၅၁၆၃၁ |
| (ဂ) | ဦးအောင်ဇော်မိုး | ၁/မမန (နိုင်) ၀၁၈၃၁၂ |
| (ဃ) | ဒေါ်အေးအေးဝင်း | ၁၂/သဃက (နိုင်) ၀၆၄၆၅၂ |

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

အမှတ် ၁။ **ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** အား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

**ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ**

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဏ) | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| (တ) | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |
| (ထ) | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဒ) | ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဓ) | ပါမောက္ခချုပ်<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (န) | ပါမောက္ခချုပ်<br>သတင်းအချက်အလက်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ပ) | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဖ) | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဗ) | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဘ) | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ် [နည်းပညာတက္ကသိုလ် (မန္တလေး)] | အဖွဲ့ဝင် |
| (မ) | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (ယ) | ပါမောက္ခချုပ်<br>မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ရ) | အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| (လ) | ဒုတိယအမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဝ) | ဒုတိယအမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး (၂) |

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

